# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
# (နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၃၉ / ၂၀၂၂)
# ၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်
# (၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရ မည်။

၂။ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (င) ၏ နောက်တွင် ပုဒ်မခွဲ (စ) နှင့် (ဆ) တို့အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

“(စ) ဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ဥပဒေရေးရာဝန်ကြီးဌာနကို ဆိုသည်။

(ဆ) ပြည်ထောင်စုဝန်ကြီးဆိုသည်မှာ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်ကို ဆိုသည်။”

၃။ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေ ပုဒ်မ ၄ ၊ ၉ ၊ ၁၅ ၊ ၁၆ နှင့် ၂၀ တို့တွင် ပါရှိသော “ပြည်ထောင်စုရှေ့နေချုပ်ရုံး” ဆိုသည့် စကားရပ်ကို “ဝန်ကြီးဌာန” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၄ နှင့် ၅ တို့တွင် ပါရှိသော “ပြည်ထောင်စုရှေ့နေချုပ်” ဆိုသည့်စကားရပ်ကို “ပြည်ထောင်စုဝန်ကြီး” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးရမည်။

၄။ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေ ပုဒ်မ ၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၁၂။ (က) ကော်မရှင်သည် မိမိအတည်ပြုသော မြန်မာဘာသာပြန်ဆိုထားသည့်ဥပဒေသည် မူလစာမူနှင့် အလားတူ အာဏာတည်ရမည်ဟု အမိန့်ဖြင့် ထုတ်ပြန်ကြေညာရမည်။

(ခ) ပုဒ်မခွဲ (က) အရ ထုတ်ပြန်ကြေညာထားသော ဘာသာပြန်ဆိုချက်ပါ

ဖော်ပြချက်တစ်ရပ်သည် မူလစာမူနှင့်ကွဲလွဲပါက အဆိုပါဖော်ပြချက်တစ်ရပ်နှင့်စပ်လျဉ်း၍ မူလစာမူ အတည်ဖြစ်သည်။”

---

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ